## သာမန်ကာလ စတုတ္ထတနင်္ဂနွေနေ့

ရှင်မာတေဦး ၅း ၁ - ၁၂

ယနေ့ မင်္ဂလာတရား (၈)ပါးကို ကြားနာခဲ့ရပါတယ်။ လူတိုင်းကသာ မင်္ဂလာတရား (၈)ပါးထဲကစိတ်ထားအတိုင်း နေထိုင်ကြရင် ကမ္ဘာကြီးက စစ်ပွဲတွေ ကင်းမှာပဲ၊ ငြိမ်းချမ်းမှာ သေချာတယ်။ ဒီလောက်တောင် အရေးကြီးတဲ့ပါရမီတွေကို စာသင်ကျောင်းတွေမှာ သင်မပေးကြပါဘူး။ စာသင်ကျောင်းတွေမှာတော့ ပညာ၊ ဗဟုသုတ၊ တွက်ချက်တတ်တဲ့ သချာ်၊ သိပ္ပံ၊ ပထဝီနဲ့ နည်းပညာတွေပါပဲ။ ဒါတွေတတ်ပြီးရင် ပညာတတ်လို့ ခေါ်ပြီလား။ သူတတ်တဲ့ပညာနဲ့ လူတွေကို လိမ်မယ်၊ လူတွေကို ကြိုးကိုင်ချယ်လှယ်မယ်။ ဒါဆိုရင် လူ့အသိုင်းအဝိုင်းမှာ ဘာအကျိုးပြုသေးလဲ။ ပညာရေးက ပညာရဖို့ပဲလား။ စာသင်ကျောင်းသွားတာက အဲဒီလို ဗဟုသုတရဖို့လောက်ပဲဆိုရင် စာသင်ကျောင်းတောင် သွားစရာမလိုတော့ဘူး။ အခု အင်တာနက်ကနေ သင်ယူလို့ ရနေတာပဲ။ လူဆိုးတွေတောင် ဗုံးလုပ်နည်း၊ ဗုံးထောင်နည်းတွေကို အင်တာနက်ကနေ သင်ယူပြီး မိုက်ကမ်းနေကြတာပဲ။ တိုက်ခိုက်နေကြတာပဲ။ အင်တာနက်ကနေ ဘာမဆို သင်ယူနိုင်တယ်။ အဲသလိုနဲ့ ကျနော်တို့ လုပ်ငန်းရှင်ကြီး ဖြစ်လာနိုင်ပြီ၊ ကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်ပြီ။ ပညာတွေတတ်လာကြပြီ။ ဒါပေမဲ့ ဒီလူက လူကောင်းလား/လူဆိုးလားဆိုတာက ပိုအရေးကြီးနေတယ်။

ပညာရေးက လူကို ပညာတတ်အောင်၊ လုပ်တတ်အောင်၊ တွက်တတ်အောင် ဗဟုသုတတွေကို သင်ပေးတာပါပဲ။ မိဘတွေကလည်း သားသမီးတွေရဲ့ နောင်ရေးမှာ ပညာနဲ့ လုပ်စားလို့ရအောင်ပဲ ကျိုးစားပမ်းစား ပညာသင်ပေးနေကြပါတယ်။ ဒါပေမဲ့ မင်္ဂလာတရားထဲက ပါရမီတွေကို သင်မပေးတော့ ပညာတတ်ကြီးဖြစ်လာပေမဲ့ လူကတော့ လူယုတ်မာကြီး ဖြစ်နေတတ်တယ်။ ပတ်ဝန်းကျင်မှာ မာနကြီးပြီး နေလို့ ဘယ်သူနဲ့မှ မတည့်ဘူး။ သူတတ်တဲ့ပညာနဲ့ လိမ်မယ်/ခိုးမယ်။ အကျင့်ပျက်ချစားမယ်။ လူကြီးမိဘစကားကို နားမထောင်တဲ့သူ၊ ကျေးဇူးကန်းတဲ့သူ ဖြစ်လာမှာပဲ။ ဒါကြောင့် ပညာတွေ သင်ပေးနေရုံမျှမက ဘာသာရေးပါ မဖြစ်မနေ သင်ပေးရပါမယ်။ ဒါကြောင့် ယနေ့ ပထမကျမ်းစာမှာ “တရားတော်အတိုင်းကျင့်၍ စိတ်နှိမ့်ချသောပြည်သူပြည်သားအပေါင်းတို့၊ ထာဝရဘုရားကို ရှာကြလော့။ ရိုးသားဖြောင့်မတ်ခြင်းနှင့် စိတ်နှိမ့်ချခြင်းကိုလည်း ရှာကြလော” တဲ့။

ယခုခေတ်မှာ ပညာတတ်တွေ ပေါများလာပေမဲ့ စိတ်ထားတွေက ရိုင်းစိုင်းလာကြတယ်။ အခုချိန်မှာ ပညာတတ်လူတွေထက် ပါရမီတွေရှိတဲ့လူကောင်းတွေ ပိုလိုအပ်လှပါတယ်။ နိုင်ငံရေးသမားတွေနဲ့ ဘာသာရေးခေါင်းဆောင်တွေကလည်း သူတို့အတွက် အာဏာရဖို့ ရှာနေရင် ပျက်စီးမှာပဲ။ ခေတ်ပညာတတ်တွေက လူတွေကို ဘယ်လိုလိမ်ညာလှည့်စားပြီး သူတို့ချမ်းသာအောင်လုပ်ဖို့ပဲ စိတ်ဝင်စားကြတယ်။ ဆင်းရဲသားတွေကို မြေတောင်မြှောက်မပေးဘူး။ သူတို့အတတ်ပညာနဲ့ ရိုက်စားလုပ်ကြတယ်။ ဒါနဲ့ပဲ လူတွေကို ဖျက်ဆီးတယ်၊ နိုင်ငံကိုပါ ဖျက်ဆီးတယ်။

ဒါကြောင့် ကျနော်တို့ အနာဂတ်တွေအတွက် ပါရမီရှိတဲ့လူတွေ ၊ နှိမ့်ချပြီး

ရိုးသားဖြောင့်မတ်တဲ့သူတွေ များများရှိလာဖို့ သင်ကြားပေးရပါမယ်။ ယနေ့ ဒုတိယကျမ်းစာမှာ ရှင်ပေါလုက "ညီအစ်ကိုတို့ သင်တို့၏ခေါ်တော်မူခြင်းကို ဆင်ခြင်သုံးသပ်ကြလော့။ သင်တို့တွင် လောကီစံနှုန်းအရ ပညာတတ်များ၊ ဩဇာအာဏာရှိသူများ၊ မျိုးရိုးဇာတိမြင့်မြတ်သူဟူ၍ များစွာ မရှိကြချေ။ သို့ရာတွင် ဘုရားသခင်သည် ပညာရှိသူတို့ကို အရှက်ရစေရန် လောကတွင် ပညာမဲ့သူတို့ကို ရွေးချယ်ခဲ့ပြီး ခွန်အားရှိသူတို့အရှက်ရစေရန် အားနည်းသူတို့ကို ရွေးချယ်တော်မူ၏" တဲ့။ ပညာတတ်တာ မကောင်းဘူးလို့ ပြောနေတာ မဟုတ်ပါဘူး။ ပညာတတ်သလောက် နှိမ့်ချတဲ့ပါရမီ၊ သနားတတ်တဲ့ပါရမီ၊ ရိုးသားဖြောင့်မတ်တဲ့ပါရမီတွေ မရှိလို့ အဲဒီလိုလူတွေကို ဘုရားက မကြိုက်ဘူး၊ မရွေးဘူးလို့ ပြောနေတာပါ။

ယနေ့ ဘုန်းကြီးဖတ်သွားတဲ့ မင်္ဂလာတရား (၈)ပါးထဲက စိတ်ထားတွေ၊ ပါရမီတွေကတော့ စိတ်နှိမ့်ချတဲ့ပါရမီ၊ နူးညံ့သိမ်မွေ့တဲ့ပါရမီ၊ သနားတတ်တဲ့ပါရမီ၊ ရိုးသားဖြောင့်မတ်တဲ့ပါရမီ၊ ငြိမ်းချမ်းရေးကို လိုလားတဲ့ပါရမီ၊ အမှန်တရားအတွက် ဆင်းရဲဒုက္ခကို ခံထမ်းနိုင်တဲ့ပါရမီ/ ညင်းပမ်းနှိပ်စက်တာကို ခံထမ်းနိုင်တဲ့ပါရမီတွေပါပဲ။ ဒီလိုစိတ်ထားတွေ ထားရှိတာက ဘဝကို ဘယ်လိုစိတ်ထားနဲ့ကြည့်ရမလဲဆိုတာကို ဖော်ပြနေပါတယ်။ ဒါမှလည်း ဘဝက နေလို့ပျော်စရာကောင်းမယ်/အဓိပ္ပါယ်ရှိမယ်။ နေရတာလည်း စိတ်ချမ်းသာမယ်။ ဒီပါရမီတွေထဲမှာ အရေးကြီးဆုံးပါရမီတွေကတော့ သူတစ်ပါးအပေါ် ဆက်ဆံရေးမှာ ထားရမည့်ပါရမီစိတ်ထားတွေပဲ၊ သူတစ်ပါးနဲ့ဆက်ဆံရာမှာ ကိုယ်က နှိမ့်ချစိတ်ရှိရမယ်။ နူးညံ့သိမ်မွေ့ရမယ်၊ နောက်ပြီး သနားရမယ်၊ ဒီပါရမီ သုံးခုက သူတစ်ပါးနဲ့ ဆက်ဆံရာမှာ ထားရမည့်စိတ်ထားတွေပါပဲ။ သူတစ်ပါးတွေ ဒုက္ခရောက်နေတာကို သနားတတ်ရတယ်။ ဆင်းရဲသားတွေနဲ့အတူ ခံစားမိရတယ်၊ မတရားတာတွေကို ဝိုင်းဝန်းတိုက်ဖျက်ရမယ်။ ဒီလိုနည်းအားဖြင့် ငြိမ်းချမ်းရေးကို လိုလားသူတွေ ဖြစ်ရမယ်။

ဒါကြောင့် မင်္ဂလာရှိတဲ့သူဆိုတာ အဲဒီလူက ချမ်းသာလို့မင်္ဂလာရှိတာ မဟုတ်ဘူး၊ အာဏာရှိလို့ မင်္ဂလာရှိတာ မဟုတ်ဘူး၊ ပညာတွေတတ်လို့ မင်္ဂလာရှိတာ မဟုတ်ဘူး။ မင်္ဂလာရှိတဲ့သူ/ ကောင်းတဲ့သူ ဆိုတာက စိတ်နှိမ့်ချတဲ့သူ၊ သနားတတ်တဲ့သူ၊ နူးညံ့သိမ်မွေ့သူ၊ ငြိမ်းချမ်းရေးကို လိုလားသူ၊ အမှန်တရားအတွက်ဆိုရင် ကိုယ် ဒုက္ခဆင်းရဲရောက်ရောက် ပေးဆပ်အနစ်နာခံထမ်းနိုင်သူတွေပါပဲ။

ဒါကြောင့် ပညာသင်လူငယ်တွေလည်း ပညာတစ်ခုပဲ တတ်လာတာမဟုတ်ရပဲ ပါရမီနဲ့ ပြည့်စုံတဲ့လူကောင်းတွေ၊ မင်္ဂလာရှိတဲ့သူတွေဖြစ်ဖို့ ဘာလိုသလဲ၊ လိုအပ်ချက်တစ်ခုတည်းကတော့ အဲဒီလူငယ်တွေ ဘုရားကို သိဖို့ အရေးတကြီးလိုအပ်ပါတယ်။ သူတို့ကျောင်းမှာ ပြည်သူ့နီတိ သင်မှာပါ၊ ယဉ်ကျေးလိမ္မာသင်တန်းတွေ သင်ပေးမှာပါ၊ ဒါပေမဲ့ ဘုရားကို မသိရင်တော့ သူတို့ ကောင်းရင်လည်း မမြဲပါဘူး၊ သင်ပေးလို့သာ လက်ခံသင်ယူခဲ့ရတာ ကျေနပ်အားရမှုရှိမှာ မဟုတ်ဘူး။ ဒါကြောင့် ဘုရားကို သိမှရမှာပါ။ ဘာ့လို့လဲဆိုတော့ စိတ်ကောင်းနှလုံးကောင်း ဝင်ဖို့ဆိုတာ သက်သေခံတွေနဲ့ မြင်ရမှ ပြောင်းလဲလာမှာပါ၊ တရားပေါက်လာနိုင်မှာပါ။ ဒါကြောင့် မင်္ဂလာရှိသူဖြစ်နိုင်ဖို့ စာတွေ့နဲ့ သင်လို့မရပါဘူး၊ ထိတွေ့ခံစားရနိုင်တဲ့ ပုဂ္ဂိုလ်လိုအပ်ပါတယ်။

အဲဒီပုဂ္ဂိုလ်က ဘုရားသခင်ပါပဲ။ ဘုရား မပါဘူးဆိုရင် လူက တိရစ္ဆာန်သာသာပဲ ရှိတော့မှာပေါ့။ မင်္ဂလာရှိသူ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ယနေ့ ဒုတိယကျမ်းစာမှ ရှင်ပေါလူးရေးထားသလို "ဤနည်းဖြင့် မည်သည့်လူသားမျှ ဘုရားသခင်၏မျက်မှောက်တော်တွင် ကြွားဝါခြင်းမပြုနိုင်စေရန် ဖြစ်၏။ ကိုယ်တော်သည် ယေဇူးခရစ်တော်အားဖြင့် သင်တို့အသက်တာ၏မူလဇစ်မြစ် ဖြစ်၏။"

နားဆင်သူအားလုံး ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။